

သင်ခန်းစာ
၁၀၊
စက်တင်ဘာ
၅၊ ၂၀၂၆
စစ်မှန်သောခရစ်ယာန်
အမှုတော်


“ငါတို့သည် အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို ခံရသော်လည်း၊ အကျိုးနည်း ခြင်း
သို့မရောက်။ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းကို ခံရ
သော်လည်း ဆုံးရှုံးခြင်းမရှိ။ အောက်သို့ လှဲခြင်းကိုခံရသော်လည်း ဆုံးရာသို့
မရောက်။ သခင်ယေရှုသည် အသက်ရှင် တော်မူကြောင်းကို ငါတို့ကိုယ်ခန္ဓာ၌
ထင်ရှားစေခြင်းငှာ၊ ယေရှု၏သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ကိုယ်ခန္ဓာ၌
ဆောင်ရကြ၏” (၂ ကောရိန္သု ၄း၈-၁၀)

သင်းအုပ်ဆရာတစ်ယောက်၏ ဘဝသည်  အဆင်ပြေသည်ဟု မည်သူပြောနိုင်သနည်း။ ဧဝံဂေလိတရားဟောပြောသော ဓမ္မဆရာသည် ကြီးမားသောတာဝန် ထမ်းဆောင်ရသည်။ သူတို့၏ကြိုးစားအားထုတ်မှုသည်လည်း အန္တရာယ်ကင်းသည်ဟု မဆိုနိုင်ပါ။



ပျက်စီးနေသောဝိညာဉ်များအပေါ်ထားရှိသောမေတ္တာနှင့် ဧဝံဂေလိတရားကိုလက်ခံသူများကို ထိန်းသိမ်းပြုစုသည့် နူးညံ့သိမ်မွေ့သောဂရုစိုက်မှုသည် စစ်မှန်သောဓမ္မဆရာများနှင့်ကြမ်းတမ်းသောဝံပုလွေများတို့၏ ကွာခြားချက်ဖြစ်သည်။

အသင်းတော်သည် သူတို့၏သင်းအုပ်ဆရာများနှင့်ပူးပေါင်းလုပ်ဆောင်သောအခါ ပြုတ်သားသည့် ပြောင်းလဲမှုဖြစ်လာသည်။ အားလုံးအတွက် နှစ်သိမ့်မှုနှင့် ပျော်ရွှင်မှုကိုဖြစ်စေသည်။ ၎င်းသည် ပြန်လည်သင့်မြတ်ခြင်း၏အစိတ်အပိုင်းဖြစ်သည်။



- သင်းအုပ်ဆရာ၏အလုပ်
  - အရည်အချင်းရှိသော ဓမ္မဆရာ
  - သာသနာလုပ်ငန်း၏အန္တရာယ်များ
- အသင်းသားများ၏တာဝန်ဝတ္တရားများ
  - ပြန်လည်သင့်မြတ်ရေးသံတမန်များ
  - သန့်ရှင်းခြင်းသို့ခေါ်တော်မူခြင်း
- ပူးပေါင်းဆောင်ရွက်ခြင်း၏ရလဒ်
  - နှစ်သိမ့်မှုနှင့်ပျော်ရွှင်ခြင်း

# သင်းအုပ်ဆရာ၏အလုပ်

# အရည်အချင်းရှိသော ဓမ္မဆရာ



“သင်တို့သည် ငါတို့စိတ်နှလုံးပေါ်၌ ရေးထားသောစာ၊ လူအပေါင်းတို့သိ၍ ဖတ်တတ်သော ငါတို့စာပင် ဖြစ်ကြသတည်း” (၂ ကောရိန္သု ၃း၂)





အချို့သောအရာများသည် အချိန်နှင့်အမျှ သိပ်မပြောင်းလဲပါ။ ပထမရာစု၌ ကဲ့သို့ပင် ထောက်ခံစာများသည် ယနေ့တိုင်တံခါးဖွင့်နိုင်ဆဲဖြစ်သည်။ ကောရိန္သုမြို့ရှိ အသင်းတော်က လက်ခံရန် ပေါလုသည် ထောက်ခံစာ လိုအပ်ပါသလား။ (၂ ကောရိန္သု ၃:၁)

အကောင်းဆုံးထောက်ခံစာ သူရရှိနိုင်သည်။ ကောရိန္သုအသင်းသားတို့၏ ကိုယ်တိုင်ထောက်ခံစာဖြစ်သည် (၂ကော ၃:၂)။ ကျေးဇူးတော်အားဖြင့် ရှင်ပေါလုနှင့်လုပ်ဖော်ကိုင်ဖက်တို့၏ ဟောကြားမှုကြောင့် ပြောင်းလဲသူများဖြစ်ကြသည် (၂ ကော ၃:၃)။



ပေါလုနှင့် သူ၏လက်ထောက်များသည် “ပဋိညာဉ်တရားသစ်၏ ဓမ္မဆရာများအဖြစ် အရည်အချင်းရှိ” ကြသည် (၂ ကော ၃:၆)။ လှပသောဘုရားသခင်၏ ကတိတော်က သူတို့၏နှလုံးသားကို ထာဝရအသက်အတွက် ပြောင်းလဲထားသည်

အချို့သောသူတို့မူကား၊ ကျောက်စာ၌ရေးထားသောပညတ်တို့ကျမ်းစာအားဖြင့် ကယ်တင်ခြင်းတည်းဟူသော အခြားသော ပဋိညာဉ်ကို လိုက်နာကြသည်၊ (၂ကော ၃း၇-၉)။



# ဓမ္မအမှုဆောင်ခြင်း၏အန္တရာယ်များ

“အများသောသူတို့သည် ကျေးဇူးတော်ကို ချီးမွမ်းသည်နှင့်၊ ထိုကြွယ်ဝသောကျေးဇူးတော်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည် အကြောင်း၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့အလိုငှာ ဖြစ်သတည်း” (၂ ကောရိန္သု ၄း၁၅)


ပေါလုသည် ဓမ္မအမှုတော်ဆောင်ခြင်း၏ အန္တရာယ်များကို နားလည်ပြီး ခံနိုင်ရည်ရှိခဲ့သည်။ သို့သော် ဤအန္တရာယ်များသည် တန်ဖိုးရှိသည်ကို သူသိသည်။ ကယ်တင်ခြင်းရရှိရန် အခွင့်အရေးပေးခဲ့သော လူများအပေါ် ထားရှိသော မေတ္တာကြောင့် ၎င်းတို့ကို သည်းခံခဲ့သည် (၂ ကော ၄:၁၅)။ ထို့အပြင်၊ သူသည် ဘုရားသခင်၏အကူအညီကို စိတ်ချမှုရှိခဲ့သည် (၂ကော ၄:၇-၉)။

| ကျွန်ုပ်တို့သည် . . . | သို့သော် |
|---|---|
| တင်းကျပ်စွာဖိနှိပ်ခံရသည် | မကြေကွဲခဲ့ပါ |
| ဦးနှောက်ခြောက်ခဲ့သည် | စိတ်မပျက်ခဲ့ပါ |
| ညှဉ်းပန်းခြင်းခံခဲ့သည် | မိတ်ဆွေမကင်းခဲ့ပါ |
| ရိုက်နှက်ခံခဲ့သည် | မသေကြေခဲ့ပါ |

ဘုရားသခင်တစ်ပါးတည်းအတွက်သာ ရှိစေရန် ဧဝံဂေလိတရားကို အားနည်းသော လူသားများအားဖြင့် ဟောပြောခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ လက်ရှိရှုန်းကန်မှုများသည် သေးငယ်ပြီး ယာယီသာဖြစ်သည်။ ကျွန်ုပ်တို့ ပြန်လည်ထမြောက်သောအခါ ရရှိမည့် အံ့ဖွယ်၊ ထာဝရဝမ်းမြောက်ခြင်းနှင့် နှိုင်းယှဉ်လျှင် ၎င်းတို့သည် ဘာမှမပြောပလောက်ပါ (၂ ကော ၄:၁၄-၁၈)။





# အသင်းသားများ၏တာဝန်များ

# ပြန်လည်သင့်မြတ်ရေးသံတမန်များ

“ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏။ ထိုမိတ် သဟာယတရားကို ဟောရသော အခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏” (၂ ကောရိန္သု ၅:၁၈)





အသင်းတော်နှင့်အသင်းသားတိုင်း၏ အသက်တာကို အုပ်ချုပ်မောင်းနှင်မည့်အားသည် "“ခရစ်တော်၏မေတ္တာသည် ငါတို့ကို အနိုင်အထက်ပြု၏” (၂ ကော ၅:၁၄) ဖြစ်သည်။ ဤမေတ္တာတွင် အဘယ်အရာများပါဝင်ပြီး အဘယ်အရာက ငါတို့ကို အနိုင်အထက်ပြုသနည်း။



ခရစ်တော်သည် မေတ္တာကြောင့် အသက်ကိုပေးတော်မူ၏။ ဤအရာကကိုယ်တော်အတွက် အသက်ရှင်ရန် တွန်းအားပေးသည် (၂ ကော ၅:၁၄-၁၅)



ခရစ်တော်သည် ကျွန်ုပ်တို့ကို အသစ်သောသတ္တဝါအဖြစ် ဖန်ဆင်းတော်မူ၏။ ဤအရာက ကျွန်ုပ်တို့၏ဘဝဟောင်းကို ဖယ်ရှားတော်မူ၏ (၂ ကော ၅:၁၇)



ခရစ်တော်က ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်သင့်မြတ်စေတော်မူ၏။ ဤအရာက ကျွန်ုပ်တို့ကို သူ၏သံတမန်ဖြစ်စေတော်မူ၏ (၂ ကော ၅:၁၈ - ၂၀)



ထို့ကြောင့် ခရစ်တော်၏မေတ္တာသည် ကျွန်ုပ်တို့အား ကြီးမားသောပြောင်းလဲမှုကိုဖြစ်စေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ မေတ္တာ၌အသက်ရှင်သည့်အခါ ထိုမေတ္တာကို မျှဝေရန်ခွန်အားဖြစ်စေသည်။ “ဘုရားသခင်နှင့် ရန်ငြိမ်းကြလော့” ဟူသော မျှော်လင့်ချက်၏ သတင်းစကားကို လက်ခံရန် တိုက်တွန်းသည် (၂ ကောရိန္သု ၅:၂၀)။

# သန့်ရှင်းခြင်းသို့ခေါ်တော်မူခြင်း



ထိုကြောင့် ချစ်သူတို့၊ ထိုကတိတော်များနှင့် ငါတို့သည် ဆိုင်ကြသည် ဖြစ်၍၊ ကိုယ်ခန္ဓာ၏ အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်၊ ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့” (၂ ကောရိန္သု ၇း၁)

ဓမ္မဟောင်းကျမ်းမှ ကျမ်းပိုဒ်အမျိုးမျိုးကို ပေါင်းစပ်၍ ပေါလုသည် သန့်ရှင်းခြင်းသို့ ခေါ်ဆောင်ခြင်းနှင့် ၎င်း၏အကျိုးဆက်များကို အကျဉ်းချုပ်ဖော်ပြထားသည် (၂ ကောရိန္သု ၆:၁၆-၁၈)။

သန့်ရှင်းခြင်းသို့ခေါ်တော်မူခြင်းသည် ဓမ္မဆရာနှင့်အသင်းသားများ၏နေ့စဉ်အသက်တာတွင် ထင်ရှားမှုရှိသည်။

- အခက်အခဲများကို ခံနိုင်ရည်ရှိသည် (၂ ကော ၆း၄-၅)
- ဝိညာဉ်အသီးကိုသီးရန် (၂ ကော ၆း၆)
- မှန်ကန်ရိုးသား၊ ဖြောင့်မတ်ရန် (၂ ကော ၆း၇)
- မည်သည့်အခြေအနေတွင်မဆို ခိုင်မာစွာရပ်တည်ခြင်း (၂ ကော ၆း၈-၁၀)
- သူများအတွက် နှလုံးသားဖွင့်ထားခြင်း (၂ ကော ၆း၁၁-၁၃)
- မယုံကြည်သူများ၏ အန္တရာယ်များသော လွှမ်းမိုးမှုမှ သီးခြားနေခြင်း (၂ ကော ၆း၁၄-၁၅)

## ခေါ်တော်မူခြင်း

- အပြစ်ရှိသောနယ်မြေမှထွက်သွားခြင်း
- အပြစ်ရှိသောသူများနှင့်သီးခြားနေခြင်း
- မစင်ကြယ်သောအရာကို မထိခြင်း

## အကျိုးဆက်များ

- ငါ မင်းတို့နှင့်အတူနေမည်
- သင်သည်ငါ၏ ဘုရားသခင်ဖြစ်မည်
- သင်တို့သည်ငါ၏လူဖြစ်မည်
- သင်တို့ကို ငါလက်ခံမည်
- ငါသည် သင်တို့၏အဘဖြစ်မည်

# ပူးပေါင်းဆောင်ရွက်ခြင်း၏ရလဒ်

# နှစ်သိမ့်မှုနှင့်ပျော်ရွှင်ခြင်း

“သင်တို့ကြောင့် အလွန်ရဲရင့်ခြင်းရှိ၏။ သင်တို့ကြောင့် အလွန်ကြွားဝါခြင်း ရှိရ၏။ သက်သာခြင်းနှင့် ပြည့်စုံ၏။ ညှဉ်းဆဲခြင်းကို ခံလေရာရာ၌ အတိုင်းထက်အလွန် ဝမ်းမြောက်ခြင်းရှိ၏” (၂ ကောရိန္သု ၇:၄)

ပေါလုသည် အခက်အခဲများကြားမှ အလွန်ဝမ်းမြောက်ခဲ့သည်။ (၂ ကော. ၇:၄) အဘယ်အရာက ဤဝမ်းမြောက်ခြင်းကို ဖြစ်ပေါ်စေခဲ့သနည်း။




ပေါလု၏ ကြမ်းတမ်းသော စာတစ်စောင်က ကောရိန္သုအသင်းသားများကို ဝမ်းနည်းစေခဲ့သည် (၂ကော ၇:၈)။ သို့သော် ထိုဝမ်းနည်းမှုက သူတို့အား နောင်တရစေခဲ့သည် (၂ကော ၇:၉-၁၀)။ ဤအရာက ပေါလုနှင့် ၎င်းတို့၏ဆက်ဆံရေးနှင့် အချင်းချင်းဆက်ဆံရေးတွင် လုံးဝပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့သည် (၂ကော ၇:၁၁-၁၂)။











ထို့ကြောင့် လူအပေါင်းတို့အတွက် နှစ်သိမ့်မှုရရှိခဲ့သည်။ ပေါလု၏အပေါင်းအဖော် တိတုသည် နှစ်သိမ့်မှုရရှိခဲ့သည်။ (၂ ကော. ၇:၇)။ ပေါလုသည် တိတုရောက်ရှိလာခြင်းကြောင့် နှစ်သိမ့်မှုရရှိခဲ့သည် (၂ ကော. ၇:၆)။ ကောရိန္သုအသင်းတော်သားများသည် နှစ်သိမ့်မှုခံစားခဲ့ရပြီး ယင်းက ပေါလုအားလည်း နှစ်သိမ့်မှုရရှိစေခဲ့သည် (၂ ကော. ၇:၁၃)။

သို့သော် ပေါလုသည် ယင်းအတွက် ဂုဏ်ယူဝင့်ကြွားခြင်း မရှိပါ။ သင်းအုပ်ဆရာများနှင့် အသင်းသားများသည် ဝမ်းမြောက်ခြင်းနှင့် နှစ်သိမ့်မှုကို ခံစားနိုင်ပါက ဘုရားသခင်သည် “နှိမ့်ချသောသူတို့ကို နှစ်သိမ့်ပေးတော်မူသောကြောင့်” ဖြစ်သည် (၂ ကောရိန္သု ၇:၆က)။

ဓမ္မအမှုတော်ဆိုသည်မှာ ဝန်ဆောင်မှုဖြစ်သည်။ ဤဓမ္မအမှုတော်အတွက် ကျွန်ုပ်တို့အားလုံးကို ခေါ်တော်မူသည်။ ကိုယ်၏သာယာမှုကို ရွေးချယ်ခြင်းသည် ဘုရားသခင်အတွက် အရှက်ရစရာဖြစ်သည်။ ညီအစ်ကိုမောင်နှမတို့၊ နှစ်စဉ်နှစ်တိုင်း ဝိညာဉ်ထောင်ပေါင်းများစွာတို့သည် အလင်းမရရှိဘဲ သူတို့၏အပြစ်နွံထဲမှာ သေဆုံးနေကြသည်။ သင်တို့သိကြပါသလား။”

ကျွန်ုပ်တို့၏ကမ္ဘာပေါ်မှာ လုပ်ဆောင်ရမည့် ကြီးမားသော အလုပ်ရှိပါသည်။ အမျိုးသား၊ အမျိုးသမီးများသည် ဘာသာစကားပြောခြင်းဆုကျေးဇူး (သို့) အံ့ဖွယ်အမှုများကို လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ လက်ဝါးကပ်တိုင်မှာ အသေခံခဲ့သော ခရစ်တော်ကို သက်သေခံခြင်းအားဖြင့် ပြောင်းလဲမှုကို ပြုရပါမည်။ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် အဘယ်ကြောင့် နှောင့်နှေးနေရသနည်း။

**EGW (Reflecting Christ, August 30)**